ဖက်ယန်းကြီးကျေးရွာ

ဟိုပုံးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀- ၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဖက်ယန်းကြီးကျေးရွာ၊ ဟိုပုံးမြို့နယ်

**(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)**

၂၀၂၁ ခုနှစ်၊ ဇွန်လ

မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | စကားချီး | ၃-၄ |
| | ကျေးရွာ သယံဇာတပြမြေပုံ၊ | ၅ |
| | ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊ | ၆ |
| | ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊ | ၇ |
| အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ | | |
| ၁။ | တည်နေရာနှင့် ပထဝီဝင် အနေအထား | ၈ |
| ၂။ | ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ | ၈ |
| ၃။ | လူဦးရေဆိုင်ရာ အချက်အလက်များ | ၈-၉ |
| ၄။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | ၉ |
| ၅။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | |
| | (က) သီးနှံ စိုက်ပျိုးရေး | ၉ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၉-၁၀ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၁၀ |
| | (ဃ)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၁၀ |
| ၆။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၁ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၁ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၁ |
| ၇။ | ပညာရေး | ၁၁ |
| ၈။ | ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး | ၁၁ |
| ၉။ | ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၁ |
| ၁၀။ | ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ | ၁၂ |
| ၁၁။ | ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး | ၁၂ |
| ၁၂။ | ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး | ၁၂ |
| ၁၃။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ | ၁၂ |
| | အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် | |
| | စီမံချက် အဆိုပြုလွှာ (၁) | ၁၃-၁၅ |

| | | |
|---|---|---|
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၆ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၇-၆၂ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၆၃ |


စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသောလူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ကနဦးအနေဖြင့်စီမံကိန်းဖြစ်မြောက်ရေးအတွက်လိုအပ်သောနည်းပညာများပံ့ပိုးပေးသောစိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့်အကြံဥာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင်သင်တန်းပို့ချပေးရုံသာမကနည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့်အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်း ဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်းကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင် မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဇွန်လ၊ ၂၀၂၁

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဖက်ယန်းကြီးကျေးရွာ၊ ဟိုပုံးမြို့နယ်

ဖက်ယန်းကြီးကျေးရွာ၊ ကျေးရွာသယံဇာတပြမြေပုံ




ရည်ညွှန်း ဟိုပုံးမြို့နယ်၊ဖက်ယန်းကြီးကျေးရွာတွင်ပြုလုပ်သောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ကျေးရွာသားများ ကိုယ်တိုင်ပူးပေါင်းအကဲဖြတ်ခြင်းမှရယူသည်။

(၂၄- ၂ -၂၀၂၁ )

# ဖက်ယန်းကြီးကျေးရွာ၊ ရာသီခွင်ပြ ပြက္ခဒိန်




ရည်ညွှန်း ဟိုပုံးမြို့နယ်၊ဖက်ယန်းကြီးကျေးရွာတွင်ပြုလုပ်သောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအစီအစဉ်တွင် ကျေးရွာသူ၊ကျေးရွာသားများ ကိုယ်တိုင်ပူးပေါင်းအကဲဖြတ်ခြင်းမှရယူသည်။

(၂၂- ၂ -၂၀၂၁ )

ဖက်ယန်းကြီးကျေးရွာ၊ ရွာတွင်းရွာပြင်ပချိတ်ဆက်မှု




ရည်ညွှန်း ဟိုပုံးမြို့နယ်၊ဖက်ယန်းကြီးကျေးရွာတွင်ပြုလုပ်သောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ကျေးရွာသားများ ကိုယ်တိုင်ပူးပေါင်းအကဲဖြတ်ခြင်းမှရယူသည်။

(၂၀- ၂ -၂၀၂၁ )

အပိုင်း (က)

# ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

## (၁) တည်နေရာနှင့် ပထဝီဝင်အနေအထား

ဖက်ယန်းကြီးကျေးရွာသည် ရှမ်းပြည်နယ်တောင်ပိုင်း ၊ တောင်ကြီးခရိုင်၊ ဟိုပုံးမြို့နယ်၊ ဖက်ယန်းကျေးရွာအုပ်စုတွင် တည်ရှိသည်။ မဲနယ်တောင်ဒေသ၏ အရှေ့ဘက်တွင် တည်ရှိပါသည်။ ရွာ၏ အရှေ့ဘက်တွင် ပန်နီရွာနှင့် ဝမ်စိမ်းရွာ၊ အနောက်ဘက်တွင် လွယ်မိုင်းတောင်ရှိပြီး တောင်ဘက်တွင် ဒုံလိတန်ရွာနှင့် မြောက်ဘက်တွင် ဖက်ယန်းလေးကျေးရွာ၊ ဟွေးလုံကျေးရွာတို့ရှိကြသည်။ တောင်ကုန်းတောင်တန်းများ ထူထပ်ပေါများသော ဒေသများဖြစ်သည်။ ရွာ၏ ဘေးပတ်ပတ်လည်တွင် လယ်တောများနှင့် ယာတောများ ဝန်းရံထားပါသည်။ ရွာတွင် ရှမ်းလူမျိုးအများဆုံးနေထိုင်ပြီး ပအိုဝ်းလူမျိုးအနည်းငယ်သာရှိပါသည်။

## (၂) ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ဖက်ယန်းကြီးကျေးရွာ၏ ရာသီဥတုမှာ မိုးရာသီတွင် အေးမြသောရာသီဖြစ်ပြီး တိမ်များအမြဲဖုံးလွှမ်းနေပါသည်။ ဆောင်းရာသီတွင် အေးချမ်း၍ မနက်တိုင်းနှင်းမှုန်နှင့် မြူခိုးများဖုံးလွှမ်းနေသည်။ နွေရာသီတွင် အနည်းငယ် ပူပြင်းသော ရာသီဖြစ်သည်။ ရွာသူရွာသားများ စိုက်ပျိုးနိုင်သော ဧရိယာမှာ လယ်မြေ(၅၄.၅)ဧက၊ ထောပတ်နှင့် ကော်ဖီဥယျာဉ်ခြံမှာ (၂၃)ဧကဖြစ်ပြီး ယာမြေ တောင်ယာမြေဧကမှာ (၁၇၀)ဧက၊ စုစုပေါင်း(၂၄၇.၅)ဧကခန့်ရှိသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင် ဓါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ ရှာဖွေတွေ့ရှိခြင်းမရှိပါ။ သစ်တောများပြုန်းတီးမှု များပြားလာသောကြောင့် သဘာဝတိရိစ္ဆာန်မျိုးစိတ်များအား ယခင်ကလောက် မရှိတော့ပဲ ရှားပါးလာပါသည်။ ယခုအခါ သစ်တောပြုန်းတီးများလျော့ချနိုင်ရန် အတွက် သဘာဝထိန်းသိမ်းရေးကော်မတီများ ဖွဲ့စည်းထားပါသည်။

## (၃) လူဦးရေဆိုင်ရာ အချက်အလက်များ

ဖက်ယန်းကြီးကျေးရွာတွင် အိမ်ခြေ(၈၆)အိမ်ရှိပြီး လူဦးရေပေါင်း(၄၂၅)ဦး ရှိပါသည်။ ကျေးရွာတွင် ရှမ်းလူမျိုးများအများဆုံးနေထိုင်ပြီး ပအိုဝ်းလူမျိုးများလည်းအနည်းငယ်နေထိုင်ကြပါ

သည်။ ကျေးရွာတွင် မူလတန်းထိသာရှိသဖြင့် ကျောင်းတက်ဦးရေအနည်းငယ်သာရှိပါသည်။ ကျောင်းနေကလေးအရွယ်၏ (၄)ဆတွင် (၁)ဆသာ ပညာသင်ခွင့် ရှိကြသည်။

(၄) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဖက်ယန်းကြီးကျေးရွာတွင် ရပ်မိရပ်ဖအဖွဲ့၊ လူငယ်အဖွဲ့၊ ဘုန်းကြီးကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ပညာရေးကော်မတီအဖွဲ့၊ VDP ကော်မတီအဖွဲ့နှင့် သဘာဝထိန်းသိမ်းရေးကော်မတီအဖွဲ့ စုစုပေါင်း(၇)ဖွဲ့ ရှိသည်။ ကျေးရွာ၏ ရပ်မိရပ်ဖအဖွဲ့တွင် (၉)ဦးပါဝင်ပြီး ဘာသာရေး၊ သာသနာရေး၊ လူမှုရေးဆိုင်ရာကိစ္စများနှင့်သာရေးနာရေးဆိုင်ရာကိစ္စများတွင် ဦးဆောင်ဆောင်ရွက်ရသော အဖွဲ့ဖြစ်သည်။ လူငယ်အဖွဲ့မှာ ရွာတွင်း ဆိုင်ရာ ကိစ္စရပ်များတွင် ဘက်စုံလုပ်ငန်းများ ပြုလုပ်ရသော အဖွဲ့ဖြစ်သည်။ ဘုန်းကြီးကျောင်း အကျိုးတော်ဆောင်အဖွဲ့မှာ ကျောင်း၏ သန့်ရှင်းရေးနှင့် ဝေယျာဝစ္စများ ပြုလုပ်ပြီး တပတ်တွင် (၁)ရက် ကျောင်းသို့ တက်ရောက်ရသည်။ ပညာရေးကော်မတီအဖွဲ့မှာ ပညာရေးဆိုင်ရာ ကိစ္စများ တာဝန်ယူဆောင်ရွက်ရသော အဖွဲ့ဖြစ်သည်။ VDP ၏ အဓိကလုပ်ငန်းတာဝန်မှာ ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စများ ဆောင်ရွက်ရသည်။ ဘုန်းကြီးကျောင်းကော်မတီအဖွဲ့မှာ ဘာသာရေးဆိုင်ရာကိစ္စများ ဦးဆောင်ရပြီး သဘာဝထိန်းသိမ်းရေး ကော်မတီအဖွဲ့မှာ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောပြုန်းတီးမှု လျော့နည်းစေရေးအတွက် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်သည်။

(၅) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ဖက်ယန်းကြီးကျေးရွာတွင် အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ ဝဥ ၊ နနွင်းနှင့် ထောပတ် တို့ကိုလည်း စိုက်ပျိုးကြသည်။ နွေရာသီချိန်တွင် ဟင်းသီးဟင်းရွက် များကို မိမိတို့စားသုံးရန်အတွက်သာ စိုက်ပျိုးကြပါသည်။ ရာသီဥတုမှန်ကန်မှုပေါ်မူတည် သီးနှံထွက်နှုန်းကောင်းသည့် နှစ်ရှိသကဲ့သို့ ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံထွက်နှုန်းကျဆင်းသောနှစ်လည်းရှိသည်။ ကျေးရွာရှိမြေယာအချို့မှာ ပလပ်မြေများဖြစ်သည်။ စိုက်ပျိုးရန်အရင်းအနှီးမတက်နိုင်ခြင်း၊ စရိတ်ကြီးခြင်း၊ အလုပ်သမားရှားပြားလာခြင်း စသည့်အခက်အခဲများကြောင့်မြေယာပိုင်ဆိုင်သလောက် စိုက်ပျိုးနိုင်ခြင်းမရှိဘဲပလပ်မြေများအဖြစ် တည်ရှိနေခြင်းစသည့်အခက်အခဲများစွာရှိ သည်။ ကျေးရွာတွင် အဆင့်မြင့် စိုက်ပျိုးနည်းစနစ်များ၊ ကိရိယာပစ္စည်းများ မရှိသောကြောင့် မိရိုးဖလာ စိုက်ပျိုးနည်းစနစ်ကိုသာအသုံးပြုနေရပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် အများအားဖြင့် လယ်ယာလုပ်ငန်းလုပ်ငန်းရန်အတွက် ကျွဲများကို သာအဓိကမွေးမြူကြပါသည်။ နွားနှင့် ဝက်မွေးမြူသည့် အိမ်ထောင်စုလည်း အနည်းငယ်ရှိသည်။

စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသဖြင့် မွေးမြူရေးကို စီးပွားဖြစ်လုပ်ကိုင်သူ အနည်းငယ်သာရှိသည်။ တိရစ္ဆာန်အပေါ် ပိုးမွှားရောဂါကျရောက်မှုရှိပါက ကုသနည်းမသိသောကြောင့် မွေးမြူရေးလုပ်ငန်းကိုလုပ်ကိုင်ခြင်းနည်းပါးသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ချိတ်ဆက်မှု အားနည်းသောကြောင့် မွေးမြူရေးကို အဓိကထား၍ မလုပ်ကိုင်ကြပါ။

**(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ဖက်ယန်းကြီးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိက လုပ်ကိုင်ကြသည်။ အခြား ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိပါ။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ

ကျေးရွာတွင် ချေးငွေဝန်ဆောင်မှုပေးသောအဖွဲ့အစည်းများ လာရောက်မှုမရှိပါ။ ကျေးရွာသူ၊ ကျေးရွာသားများသည် စီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေးတို့အတွက် ချေးငွေရရှိမှုအခက်ခဲများနှင့်ကြုံတွေ့ရပါကကျေးရွာအတွင်းအဆင်ပြေသော အိမ်ထောင်စုများထံမှချေးယူခြင်း၊ ဆွေမျိုးများထံမှ ချေးယူရခြင်းတို့ဖြင့် အခက်အခဲကို ဖြေရှင်းရပါသည်။

**(၆) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျွန်ုပ်တို့ကျေးရွာတွင် မော်တော်ဆိုင်ကယ်များမှာ အိမ်တိုင်းလိုလိုရှိကြပြီး အဆင်ပြေသော အိမ်ထောင်စုမှာ မော်တော်ကားများလည်းရှိပါသည်။ ရွာတွင် လမ်းများမှာ မြေသား လမ်းများဖြစ်သောကြောင့် ပွင့်လင်းရာသီတွင် သွားလာရာ လွယ်ကူသော်လည်း မိုးရာသီတွင် သွားလာ ရန်အခက်အခဲများစွာ ရှိပါသည်။ ရွာချင်းဆက်လမ်းများအနေဖြင့် ဒုံလီတန်ရွာမှ ဖက်ယန်းလေးသို့ ကျောက်ကြမ်းလမ်းဖြစ်သည့်အတွက် သွားလာရန် သိပ်အဆင်မပြေပါ။ ပန်နီကျေးရွာသို့ သွားလာရာ လမ်းတစ်လျှောက်တွင်လည်း မြေသားလမ်းများ ဖြစ်ပြီး မိုးရာသီတွင် မြေတိုက်စားမှုကြောင့် လမ်းများ ပျက်စီးပြီး သွားလာရန် အခက်အခဲများစွာရှိပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် ဆိုလာမီးကို အများဆုံးအသုံးပြုပြီး ရေအားလျှပ်စစ်အသုံးပြုသော အိမ်ထောင်စု(၁၁)စု သာရှိပါသည်။ အခြားသုံးစွဲသည့် အိမ်ထောင်စုများလည်းရှိပါသည်။ ရွာတွင်လည်း မြို့နယ်လျှပ်စစ်ရုံးနှင့် ချိတ်ဆက်မှုလည်း မရှိပါ။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျွန်ုပ်တို့ရွာ၏ နယ်တဝိုက်တွင် တာဝါတိုင်မရှိသောကြောင့် ဖုန်းလိုင်းမရှိပါ။ ဆက်သွယ်ရေးနှင့်သတင်းဆိုင်ရာဗဟုသုတအချက်အလက်များလည်းမကြည့်ရှုနိုင်သောကြောင့် အွန်လိုင်းနှင့် သက်ဆိုင်သော အသိပညာဗဟုသုတများ နည်းပါးသည်။ ဆက်သွယ်ရေးဆိုင်ရာ ကိစ္စများ တွင်လည်း အခက်အခဲများစွာ ရှိလှပါသည်။

**(ဃ) ပညာရေး**

ဖက်ယန်းကြီးကျေးရွာတွင် မူလတန်းအဆင့်ထိသာရှိပြီး ကျောင်းသားဦးရေမှာလည်း စုစုပေါင်း(၅ဂ)ကျော်သာရှိပါသည်။ အလယ်တန်းနှင့်အထက်တန်းတက်ရောက်နေသူ ဦးရေ(၂၆)ယောက်ရှိပြီး တက္ကသိုလ်တက်ရောက်နေသူ (၅)ဦးသာ ရှိပါသည်။ မိဘများ၏ ငွေရေး ကြေးရေးအဆင်မပြေမှုကြောင့် ကျောင်းဆက်တက်ဖို့ အခက်အခဲများလည်းရှိပါသည်။ လက်ရှိကျောင်းအခြေအနေတွင် စေတနာအဖွဲ့မှ ဆောက်လုပ်လျက်ရှိသော ကျောင်းဆောင်တစ်ဆောင်ရှိပြီး အစိုးရက ယခုဆောက်လုပ်ပေးလျက်ရှိသော ကျောင်းဆောင်(၁)ဆောင်ရှိပြီး အစိုးရက ယခုဆောက်လုပ်ပေးလျက်ရှိသော ကျောင်းဆောင်(၁)ဆောင်လည်းရှိပါသည်။ ကျောင်းဆောင်(၂)ဆောင်ရှိတော့မည်ဖြစ်သောကြောင့် မူလွန်ကျောင်းထားရှိပေးပါက မိဘမှ ငွေကြေးမတတ်နိုင်သော ကလေးများလည်း ကျောင်းဆက်တက်ခွင့်ရရှိမည်ဖြစ်သောကြောင့် ပို၍ အဆင်ပြေမည်ဖြစ်ပါသည်။

**(စ) ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေ**

ဖက်ယန်းကျေးရွာတွင် ဆေးပေးခန်းမရှိသောကြောင့် ကျန်းမာရေးဆိုင်ရာကိစ္စများတွင် အခက်ခဲများစွာရှိပေသည်။ ကျန်းမာရေးနှင့်ဆိုင်သော အရေးပေါ်ကိစ္စများ ဖြစ်ပေါ်ပါက (၁၃)မိုင်ခန့်ရှိသော နီးစပ်ရာ မိုင်းပွန်မြို့ကိုသာ သွားရောက်ကုသရပါသည်။ ကျေးရွာတွင် ရေဆွဲအိမ်သာကို အများဆုံးသုံးစွဲကြသဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု နည်းပါးကြောင်း တွေ့ရသည်။ ဆေးပေးခန်းမရှိသောကြောင့် သမရိုးကျ ကုသနည်းဖြင့် ကုသသူများလည်းရှိပါသည်။ ဆေးပေးခန်းမရှိခြင်းကြောင့် အရေးပေါ်ကိစ္စများ ပေါ်ပေါက်လာပါက အခက်အခဲများစွာနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။

(ဇ) ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် သဘာအန္တရာယ်အနေဖြင့် အမှိုက်များကို စနစ်တကျ စွန့်ပစ်ခြင်းမရှိပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီများဖွဲ့စည်းထားသောကြောင့် ရွာ၏ အားသာချက်အဖြစ် တွေ့မြင်နေရပါသည်။

(၁၀) ကျား/မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာများ၏ ဖြစ်လေ့ဖြစ်ထရှိသော အခြေအနေများကဲ့သို့ပင် မိမိတို့ကျေးရွာတွင် အမျိုးသမီးများမှာ ကျေးရွာ၏ စီမံအုပ်ချုပ်မှုစနစ်များတွင် အမျိုးသမီးပါဝင်မှု အားနည်းပါသည်။ နေရာပေးရန် ယုံကြည်မှု မရှိခြင်း၊ ရှေးရိုးစွဲအယူအဆများ စသည်တို့ကြောင့် ဖြစ်သည်။ ကျေးရွာသူ/သားများမှာ တရားဥပဒေနှင့် ပတ်သက်သော အသိပညာဗဟုသုတနည်းပါးကြသည်။

(၁၁) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

လူငယ်များအတွက် သီတင်းကျွတ်ပွဲ၊ ကထိန်ပွဲ၊ နှစ်သစ်ကူးပွဲများရှိပါသည်။ အားကစားနှင့် ပါတ်သက်၍ ဘောလုံးပွဲများ ကျင်းပပေးသော်လည်း ကွင်းပြင်၏ အခြေအနေမှာ ဆိုးရွားလှပါသည်။ သာရေး၊ နာရေးပွဲများ ရွာ၏ သာယာရေးအတွက် လူငယ်အဖွဲ့က တက်တက်ကြွကြွပါဝင်လုပ်ဆောင်ကြပါသည်။ အားကစားနှင့် အပန်းဖြေနေရာများ မရှိသောကြောင့် လူငယ်ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်လျက်ရှိပါသည်။

(၁၂) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ဖက်ယန်းကြီးကျေးရွာတွင် သဘာဝဘေးအန္တရာယ်ထိန်းသိမ်းရေးအဖွဲ့(၁)ဖွဲ့ရှိသည်။ မြို့နှင့် ကွာဝေးသောကြောင့် ရဲဘက်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကဲ့သို့ ဝန်ဆောင်မှုများမရှိပါ။

(၁၃) ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| စဉ် | လုပ်ငန်းအမည် | ဦးစားပေး အဆင့် | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | ရေပိုက်သွယ်တန်းခြင်းနှင့် အုတ်ရေလှောင်ကန်တည်ဆောက်ခြင်း | ၁ | ✓ | | | | | |
| ၂ | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၂ | | ✓ | | | | |
| ၃ | ဆက်သွယ်ရေး တာဝါတိုင် စိုက်ထူခြင်း | | | | ✓ | | | |
| ၄ | ဆရာ/ဆရာမ ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်း | ၄ | | | | ✓ | | |
| ၅ | မူကြိုကျောင်းဆောင် ဆောက်လုပ်ခြင်း (၃၀'×၄၀') | ၆ | | | | | ✓ | |
| ၆ | စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်လှစ်ခြင်း | ၇ | | | ✓ | ✓ | ✓ | |
| ၇ | အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းဖွင့်လှစ်ခြင်း | ၈ | | | ✓ | ✓ | ✓ | |

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)**

| | |
|---|---|
| ကျေးရွာ<br>ကျေးရွာအုပ်စု<br>မြို့နယ်<br>တိုင်းဒေသကြီး / ပြည်နယ် | - ဖက်ယန်းကြီးကျေးရွာ<br>- ဖက်ယန်းကျေးရွာအုပ်စု<br>- ဟိုပုံးမြို့နယ်<br>- ရှမ်းပြည်နယ်(တောင်ပိုင်း) |
| စီမံချက်အမည် - ရေပိုက်သွယ်တန်းခြင်း(၇၂၀၀ ’)၊ ဂါလံ(၅၀၀၀)ဆံ့အုတ် ရေလှောင်ကန် တည်ဆောက်ခြင်း (၁၅ ’ ×၁၀ ’ ×၆”) | |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**<br><br>လက်ရှိ ဖက်ယန်းကြီးကျေးရွာရေလှောင်ကန်မရှိခြင်းကြောင့် စိုက်ပျိုးရေးနှင့် သောက်သုံးရေးတို့အတွက်ရေသုံးစွဲမှုမှာ အလေအလွင့်ဆုံးရှုံးမှုများ ဖြစ်ပေါ်နေပါသည်။ စိမ့်စမ်း ရေထွက်မှ ရေအား ရေပိုက်သွယ်တန်းပြီး ရေလှောက်ကန်တည်ဆောက်ပြီး သုံးစွဲမည်ဆိုပါက သောက်သုံးရေနှင့်သုံးစွဲရေတို့အတွက်စနစ်တကျစီမံခန့်ခွဲနိုင်ပြီးရေအလေအလွင့်ဆုံးရှုံးမှုကို ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း ဦးစားပေးစီမံချက် အဆင့်(၁)အနေဖြင့် ဆောင်ရွက်လိုကြောင်း တင်ပြခြင်းဖြစ်ပါသည်။ | |
| **စီမံချက်ရည်ရွယ်ချက်**<br>စိမ့်စမ်းရေထွက်မှ ရေကိုသွယ်တန်းပြီး ဂါလံ(၅၀၀၀)ဆံ့အုတ်ရေလှောက်ကန်တည် ဆောက်ခြင်းဖြင့်ရွာလူထုအားလုံး သောက်သုံးရေနှင့် သုံးစွဲရေတို့အတွက် အဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီးရေလုံလောက်မှုရှိခြင်း၊ အလေအလွင့် ဆုံးရှုံးမှုများ မရှိခြင်းကြောင့် တွေ့ရှိရပါသည်။ ရေလှောက်ကန် တည်ဆောက်ပြီး ကန်ဘေပတ်လည်တွင် ရေနုတ်မြောင်း ပြုလုပ်ခြင်း၊ ခြံစည်းရိုး ကာရံခြင်းများ ဆောင်ရွက်ပါမည်။ | |

**မျှော်မှန်း အကျိုးရလဒ်**

ကျေးရွာရှိ ကျေးရွာသူ/သားများ၏ ဦးစားပေးလိုအပ်ချက်အရ ရေပိုက်သွယ်တန်းခြင်း နှင့် အုတ်ရေလှောင်ကန် တည်ဆောက်ပေးခြင်းဖြင့် သန့်ရှင်းသော သောက်သုံးရေကို အသုံးပြုနိုင်ခြင်း၊ ရေအလေအလွင့်ဆုံးရှုံးမှုနည်းပါးခြင်း၊ စိုက်ပျိုးရေးနှင့် သောက်သုံး ရေကို စနစ်တကျ ခွဲခြင်းနိုင်ခြင်း စသည် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း**

ရေပိုက်သွယ်တန်းခြင်းနှင့် ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းများအား လုပ်အားခများအား ကျေးရွာမှ အလုံအလောက်ထည့်ဝင်ပံ့ပိုးပါမည်။

ကုန်ကျစရိတ်ထည့်ဝင်မှု

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့်အစီအစဉ် |
|---|---|
| • ၁၀၀၀၀၀၀ဝိ/-(ငွေသား) | • ကျေးလက်ဦးစီး |
| • ၆၁၆၀၀၀ဝိ/- (လုပ်အား) | • ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၂၁၀ | ၂၁၂ | ၄၂၂ | ၁၄ | ၂၄ | ၂၅ | ၂၂ | ၈၅ |
| **အကျိုးခံစားမည့် ဦးရေ** | ၂၁- | ၂၁၂ | ၄၂၂ | ၁၄ | ၂၄ | ၂၅ | ၂၂ | ၈၅ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း**<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ငွေကျပ်သိန်း(၁၀၀)မတည် ထည့်ဝင်မည်။ |
| **(၂) စီမံချက် စတင်မည့်အချိန် (ခန့်မှန်း)**<br>(၁၅.၆.၂၀၂၁) |
| **(၃) စီမံချက် ပြီးစီးမည့်အချိန်**<br>(၃၀.၇.၂၀၂၁) |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်**<br><br>ကျေးရွာရှိမိသားစုဝင် အများစုမှာ ဝင်ငွေနည်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်းတို့ကြောင့် ဖြစ်မြောက်ရေးအတွက် ကျေးရွာမှ လုပ်အားအနေဖြင့် လုပ်သားကြီး (ကျား၊မ) လုပ်သားငယ်စသည်ဖြင့် လမ်းစတင်ချိန်မှ ပြီးဆုံးသည်အထိ လုပ်အား ထည့်ဝင်ရမည်။ |

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

ရေပေးရေးလုပ်ငန်းရှည်တည်တံ့ရေးအတွက် ပြုပြင်ထိန်းသိမ်းရေး အစီအစဉ်များ ဆောင်ရွက်ရန် ကျေးရွာကော်မတီမှ ရေပေးရေးလုပ်ငန်းအားတာဝန်ခံ ဆောင်ရွက်ပါမည်။ နှစ်စဉ်ပြုပြင်ရန်အတွက် တစ်အိမ်ထောင်စုအလိုက် ရန်ပုံငွေများ ကောက်ခံပြီး ရေရှည်တည်တံ့ကောင်းမွန်စေရန်ပြုပြင်ထိန်းသိမ်းရေးအစီအစဉ်များချမှတ်ဆောင်ရွက်သွားပါမည်။

| ဖက်ယန်းကျေးရွာ၊ ဖက်ယန်းကြီးကျေးရွာအုပ်စု၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | | | | |
|---|---|---|---|---|
| | | | | |
| စဉ် | အမည် | မှတ်ပုံတင်အမှတ် | တာဝန် | ဖုန်းနံပါတ် |
| ၁ | ဦးခွန်ကံပေါ် | ၁၃/ဟပန(နိုင်)၁၁၇၂၄၈ | ဥက္ကဋ္ဌ | ၀၉-၄၅၃၅၂၅၄၁ |
| ၂ | နန်းအစ် | ၁၃/ဟပန(နိုင်)၁၀၂၅၄၆ | အတွင်းရေးမှူး | - |
| ၃ | ဦးညွန့်ဖေ | ၁၃/ဟပန(နိုင်)၁၁၇၁၈၄ | ဝယ်ယူရေးဥက္ကဋ္ဌ | ၀၉-၄၄၆၇၅၁၀၉၇ |
| ၄ | ဦးခွန်ထွန်းရီ | ၁၃/ဟပန(နိုင်)၁၁၈၅၈၄ | ဘဏ္ဍာရေးမှူး | - |
| ၅ | ဦးအောင်သန်း | ၁၃/ဟပန(နိုင်)၁၂၃၈၂၁ | အဖွဲ့ဝင် | ၀၉-၄၀၄၃၄၈၃၆၃ |
| ၆ | ဦးအိုက်မွန်း | ၁၃/ဟပန(နိုင်)၁၁၈၅၈၅ | အဖွဲ့ဝင် | - |
| ၇ | ဦးစိုင်းကျော်ထွေး | ၁၃/ဟပန(နိုင်)၀၅၂၁၇၄ | စာရင်းကိုင် | ၀၉-၄၉၅၈၈၆၉၀ |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၄ | ၁၀ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၈ | ၁၆ | ၃၄ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၉ | ၁၉ | ၄၈ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၂၇ | ၂၃ | ၅၀ | | ၂ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၂၃ | ၁၃၈ | ၂၆၁ | | ၄ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၇ | ၁၂ | ၁၉ | | |
| စုစုပေါင်း | | ၂၁၀ | ၂၁၂ | ၄၂၂ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၈၅ | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ဖက်ယန်းကြီးကျေးရွာတွင် အိမ်ထောင်စု(၈၅)စုရှိပြီး လူဦးရေစုစုပေါင်း (၄၂၂) ဦး ရှိပါသည်။ ပျမ်းမျှ(၁)မိသားစုလျှင် (၄)ဦးမှ(၅)ဦးထိ ရှိပါသည်။ အသက်(၁၅)နှစ်မှ (၆၄)နှစ်အထိ အလုပ်လုပ်နိုင်သည့်လူဦးရေမှာ (၆၁)ရာခိုင်နှုန်းရှိပြီး(၁၅)နှစ်အောက် လူဦးရေနှင့် အသက်(၆၄)နှစ်အထက် လူဦးရေ စုစုပေါင်း(၃၉)ရာခိုင်နှုန်းသည် မှီခိုသူများဖြစ်ကြပါသည်။ မသန်စွမ်းအမျိုးအသမီး(၆)ဦးရှိပြီး အလုပ်လုပ်နိုင်သော အိမ်ထောင်စုများအပေါ်တွင် မှီခိုနေရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၇၃ | ၂၁၄ | ၂၃ | ၉၉ | ၁၁၅ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၃ | ၂၈ | ၂ | ၁၂ | ၁၆ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃၈ | ၉၄ | ၁၀ | ၄၈ | ၄၆ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၇ | ၁၇ | ၁ | ၇ | ၁၀ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုရွေးချယ်စစ်ဆေးပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၈ | - | ၄ | ၄ | | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၂ | - | ၂ | - | | မြင့် ✓ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | | ၁ | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက်အလုပ်သမား | | | | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၁၃၇ | ၃၆၄ | ၃၆ | ၁၇၂ | ၁၈၈ | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ – **“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။။** ။ဖက်ယန်းကြီးကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေ စုစုပေါင်းမှာ (၃၆၄)ဦးရှိပြီး ကျား(၁၇၂)ယောက် နှင့် မ (၁၈၈)ဦး ရှိသောကြောင့် ကျား၊ မ လုပ်သားအင်အား အချိုးတူး ညီမှုရှိပါသည်။ ကျေးရွာ၏အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိက ထားလုပ်ကိုင်ကြပြီး မွေးမြူရေးလုပ်ငန်းလည်းတွဲဖက်လုပ်ကိုင်ကြပါသည်။ အခြားဝင်ငွေရလုပ်ငန်း အဖြစ် ကုန်စုံဆိုင်လုပ်ငန်း၊ ကားမောင်းခြင်းလုပ်ငန်းနှင့် ပညာရေး ဝန်ထမ်းအဖြစ် လုပ်ကိုင်ကြသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား**

ဇယား (၃)  လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၅၀၀၀ | | ၄၀၀၀ | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၂၀၀၀ | - | ၆၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။။** ဖက်ယန်းကြီးကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းတွင် နေ့စားအဖြစ် လုပ်ကိုင်ကြသူများ မှာ လုပ်ခလစာအဖြစ် ပုံမှန်အမျိုးသား (၅၀၀၀)ကျပ်၊ အမျိုးသမီး(၄၀၀၀)ကျပ် ရရှိကြောင့် တွေ့ရှိရသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| **လယ်မြေ** | ၅၄.၅ | ကောင်း ✓ သင့်☐ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | ၁၇၀ | ကောင်း ☐ သင့်✓ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | ၂၃ | ကောင်း ☐ သင့်✓ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဓနိတောမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စားကျက်မြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **မြေလွတ်မြေလပ်** | ၄၈.၅ | ကောင်း ☐ သင့်✓ ညံ့ ☐ |

| မြေအမျိုးအစား | ဇရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| စုစုပေါင်း | ၂၉၇ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။ ဖက်ယန်းကြီးကျေးရွာတွင် လယ်မြေဇရိယာသည် ကောင်းမွန်ကြောင်းတွေ့ရှိရသည်။ တောင်ယာမြေနှင့် ဥယျာဉ်ခြံမြေမှာ အသင့်အတင့်ရှိပြီး စာကျက်မြေသည် (၁)ဦးပိုင် မဟုတ်ပါ။ ပိုးသတ်ဆေးများ သုံးစွဲခြင်းကြောင့် ရေရှည်တွင် မြေဆီလွှာ အရည်အသွေးများ ကျဆင်းပြီး ထိခိုက်လာနိုင်ကြောင်းနှင့် စိုက်ပျိုးရေးနည်းပညာ ပေးသင်တန်းများ ပို့ချရန် လိုအပ်လျက်ရှိသည်။

(ဂ–၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း ✓မရှိ ☐ | လွယ် ✓ ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့ ✓ တိုး ☐အပြောင်းအလဲမရှိ ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်✓ နည်း ☐ မရှိ ☐ | လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်✓ နည်း ☐ မရှိ ☐ | ☒ | လျော့ ✓ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ✓ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ✓ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်☐ နည်း ✓ မရှိ ☐ | လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ✓ တိုး ☐ အပြောင်းအလဲမရှိ ☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့် ☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ✓ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓ |
| သစ်တော – ဒီရေတောများ | များ ✓ သင့် ☐ နည်း ☐ မရှိ ☐ | လွယ် ✓ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ✓ တိုး ☐ အပြောင်းအလဲမရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။။။** ဖက်ယန်းကြီးကျေးရွာတွင် သစ်တောများထူထပ်စွာရှိသည်။ သို့သော် တောင်ယာချဲ့ထွင် ခြင်း၊ ထင်းအဖြစ်အသုံးပြုခြင်းတို့ကြောင့် တောများတဖြေးဖြေးပြုန်းတီးလာနေသည်။ ထိန်းသိမ်းမှုမရှိက ပြုန်းတီးမှု ဒဏ်ကို ခံရနိုင်သည်။ တောတိရစ္ဆာန်များအနေဖြင့် ဂျီ တောဝက် စသည်များတွေ့နိုင်သည်။ သဘာဝအပင်မျိုးစိတ်များ၊ ဆေးပတ်ဝင်အပင်များလည်း အသင့်တင့်တွေ့နိုင်သည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသောအိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သောအိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၄ | ၂၄ | ၂၅ | ၂၂ |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။။။** ဖက်ယန်းကြီးကျေးရွာတွင် မိသားစုများ၏ စီးပွားရေးအခြေနေမှာ အဆင်ပြေသော အိမ်ထောင်စု(၁၄)စု၊ အလယ်အလတ်အိမ်ထောင်စု(၂၄)စု၊ မပြေလည်သော အိမ်ထောင်စု(၂၅)စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စု(၂၂)စုခန့်ရှိသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများသည် နေ့စားများ၊ လယ်မြေမပိုင်ဆိုင်သော သူများဖြစ်ပြီး စားဝတ်နေရေးအတွက် ရုန်းကန်နေရသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄"**

အိမ်ထောင်စုပေါင်း၏၃ဂရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | ၄ | ၃ | အခြားအစာပြောင်းလဲစား = ____<br>အစာလျှော့စား = ____<br>အထောက်အပံ့ယူ = ____<br>ချေးယူ = ၄<br>လုပ်အားခကြိုယူ = ____ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | ၈ | ၂ | အခြားအစာပြောင်းလဲစား = ____<br>အစာလျှော့စား = ____<br>အထောက်အပံ့ယူ = ____<br>ချေးယူ = ၈<br>လုပ်အားခကြိုယူ = ____ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | ၁၀ | ၂ | အခြားအစာပြောင်းလဲစား = ____<br>အစာလျှော့စား = ____<br>အထောက်အပံ့ယူ = ____<br>ချေးယူ = ၁၀<br>လုပ်အားခကြိုယူ = ____ |

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃ဂရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ဖက်ယန်းကျေးရွာတွင်ရှိအဆင့်(၃)အဆင်မပြေသောအိမ်ထောင်စုနှင့် အဆင့်(၄) အလွန်အဆင်မပြေသောအိမ်ထောင်စုများထံမှသာစစ်တမ်းကောက်ခဲ့ခြင်းဖြစ်ပါသည်။ (၃)လအောက် ဝမ်းစာဖူလုံမှုအိမ်ထောင်စုအရေအတွက်မှာ(၄)စု၊ (၃)လနှင့်(၆)လကြား (၈)စုနှင့် (၆)လနှင့် (၁၂)လကြား (၁၀) စု ရှိပြီးအမျိုးသမီးဦးဆောင်သောအိမ်ထောင်စု(၇)စုရှိသည်။သမီး၄င်းတို့မိသားစုများမှာ စားဝတ်နေရေးအတွက် ကျေးရွာဈေးဆိုင်များတွင် အကြွေးယူရခြင်း၊ ဆွေမျိုးများထံမှငွေချေးငှားစားသုံးခြင်း၊ ကျေးရွာမှ ငွေတိုးပေးသူများထံမှငွေတိုးယူပြီး စားနပ်ရိက္ခာဝယ်ယူစားသုံးခြင်း၊ ပွဲရုံများမှကြိုတင်ငွေချေးယူသုံးစွဲခြင်းနည်းဖြင့် ဖြေရှင်းကြပါသည်။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက် | - | ၁ | ၁ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စုအရေအတွက် | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | ၃ | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | ၁ | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | - | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။။** ဖက်ယန်းကြီးကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို(၁)ယောက်ရှိသည်။ ဆင်းရဲပြီး မိသားစုဦးရေများပြားသော မုဆိုးဖို/တခုလပ် အိမ်ထောင်စု(၁)စု၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု(၃)စု ရှိကြောင်းတွေ့ရသည်။

(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | နိမ့် | | | နိမ့် | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | နိမ့် | | | နိမ့် | | |
| ၃ | မုန်တိုင်းဒီရေ | နိမ့် | | | နိမ့် | | |
| ၄ | ဆူနာမီ | နိမ့် | | | နိမ့် | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | နိမ့် | | | နိမ့် | | |
| ၆ | လေဆင်နှာမောင်း | နိမ့် | | | နိမ့် | | |
| ၇ | ငလျင် | နိမ့် | | | နိမ့် | | |
| ၈ | အပူလှိုင်း | | လတ် | | | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | နိမ့် | | | နိမ့် | | |
| ၁၀ | အအေးလှိုင်း | | | မြင့် | | | |
| ၁၁ | မိုးသီးကြွေကျမှု | နိမ့် | | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၁၂ | မိုးခေါင်ခြင်း | နိမ့် | | | | | |
| ၁၃ | တောမီးလောင်ခြင်း | | လတ် | | | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | နိမ့် | | | နိမ့် | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | နိမ့် | | | နိမ့် | | |
| ၁၆ | မြေပြိုခြင်း | | | မြင့် | | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | နိမ့် | | | | | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | နိမ့် | | | | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | | | မြင့် | | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | | လတ် | | | | |
| ၂၁ | ငှက်ဖျားရောဂါ | နိမ့် | | | နိမ့် | | |
| ၂၂ | တီဘီရောဂါ | နိမ့် | | | နိမ့် | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | | | နိမ့် | | |
| ၂၄ | ကပ်ရောဂါ | နိမ့် | | | နိမ့် | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | နိမ့် | | | နိမ့် | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | နိမ့် | | | နိမ့် | | |
| ၂၇ | လူကုန်ကူးခြင်း | နိမ့် | | | နိမ့် | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ေ ေးခက်ခဲခြင်းစသည် | | | မြင့် | နိမ့် | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

